အလျင်အမြန်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး

ပေကျင်းမြို့

No. 6, Dong Zhi Men Wai Street, Chao Yang District,

Beijing 100600, People's Republic of China

Tel : 0086 10 6532 0351, 6532 0412

Fax : 0086 10 65320408


စာအမှတ်၊ ၀၁၂- ၂၇၅၃ / ၃၇ ၈၁

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်

သို့

ဒုတိယဝန်ကြီး

နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်

အကြောင်းအရာ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအသောက်တင်ပို့သည့်လုပ်ငန်းများ မှတ်ပုံတင်နိုင်ရေးဆိုင်ရာ အချက်အလက်များ အကြောင်းကြားလာခြင်းကိစ္စ

ရည်ညွှန်းချက်။ မြန်မာသံရုံး၊ ပေကျင်းမြို့၏ ၉-၈-၂၀၂၂ ရက်စွဲပါစာအမှတ် ၀၁၂- ၁၈၄၇/ ၃၇ ၈၁

၁။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အစားအစာတင်ပို့မည့်/တင်ပို့လျက်ရှိသည့်လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၌ မှတ်ပုံတင်နိုင်ရေးဆိုင်ရာအချက်အလက်များအား တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ သွင်းကုန်နှင့် ပို့ကုန်အစားအစာဘေးကင်းလုံခြုံရေးဗျူရို (Bureau of Import and Export Food Safety of the General Administration of Customs of China-GACC)မှ မြန်မာသံရုံး၊ ပေကျင်းမြို့ထံသို့ ပေးပို့လာပါသဖြင့် ဆက်လက်ပေးပို့တင်ပြအပ်ပါသည်။

၂။ ထိုကဲ့သို့ ပေးပို့လာရာတွင် အောက်ဖော်ပြပါအချက်များ ဖော်ပြပါရှိပါသည်-

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းသို့ အစားအသောက်များ တင်သွင်းလိုသည့်နိုင်ငံများမှ လုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံ၌ မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များ (Registration Regulations)အား ကြေညာချက်အမှတ်(၂၄၈)ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း။

(ခ) အဆိုပါကြေညာချက်အမှတ် (၂၄၈) စတင်အကောင်အထည်ဖော်သည့်အခါ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အစားအသောက်တင်ပို့သည့် လုပ်ငန်းများ အဆင်ပြေချောမွေ့မှုရှိစေရေး အတွက် တရုတ်နိုင်ငံ၌ မှတ်ပုံတင်ရေးနှင့်ပတ်သက်သည့် အချက်အလက်များအား ပေးပို့ လိုပါကြောင်း၊

(ဂ) သက်ဆိုင်ရာနိုင်ငံများ၏ အာဏာပိုင်အဖွဲ့များသည် တရုတ်နိုင်ငံသို့ အစားအသောက်များ တင်သွင်းရန် မှတ်ပုံတင်မည့် လုပ်ငန်းများအား recommendation ပေးရန်လိုအပ်ပါ ကြောင်း၊

(ဃ) ပြည်ပနိုင်ငံများမှ တရုတ်နိုင်ငံသို့ ကုန်စည်အမျိုးအစား(၄)ခုဖြစ်သည့် အသားနှင့် အသား ထုတ်ကုန်များ၊ ရေထွက်ကုန်များ၊ နို့ထွက်ပစ္စည်းများ၊ ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန် များအား တင်သွင်းရန် တရုတ်နိုင်ငံ၌ မှတ်ပုံတင်ထားပြီးဖြစ်သည့် ထုတ်လုပ်သူများသည် ဆက်လက်အကျုံးဝင်မည်ဖြစ်ပါကြောင်း၊

(င) အဆိုပါကုန်စည်အမျိုးအစားများအား တင်သွင်းခွင့်ရရှိနိုင်ရန် တရုတ်နိုင်ငံတွင် အသစ် မှတ်ပုံတင်လိုသည့်လုပ်ငန်းများအား GACC မှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြေညာစာအမှတ် (၂၄၉) (တရုတ်နိုင်ငံသို့ အစားအသောက်များ တင်သွင်း/တင်ပို့ရာတွင် လုံခြုံစိတ်ချရမှုရှိ စေရေးစီမံခန့်ခွဲခြင်း ဆိုင်ရာအစီအမံများ)၏ အပိုဒ်(၁၁)မှ(၁၇)အထိတွင် ဖော်ပြထားသည့် အချက်များနှင့်ကိုက်ညီမှုရှိ/မရှိကို စစ်ဆေးမှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(စ) GACC အနေဖြင့် လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီး၍ အတည်ပြုပြီးသည့်အခါ မြန်မာနိုင်ငံ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များသည် အဆိုပါလုပ်ငန်းအား တရုတ်နိုင်ငံ၌ မှတ်ပုံတင်နိုင်ရန် recommendation အား အချိန်နှင့်တပြေးညီ(သို့မဟုတ်) ၃၁-၁၂-၂၀၂၂ ရက်နေ့နောက်ဆုံးထားပေးအပ်ရမည်ဖြစ်ကြောင်း၊

(ဆ) သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များသည် ၁-၁-၂၀၁၇ ခုနှစ်မှ ယခုအချိန်အထိ တရုတ်နိုင်ငံ သို့ ယခုစာ၏ ပူးတွဲ (၁)တွင် ဖော်ပြထားသည့် ကုန်စည်အမျိုးအစား(၁၄)ခု ဖြစ်သည့် casings, bee products, egg and egg products, edible fats and oils, stuffed pasta, edible grains, grain milling industrial products and malt, fresh and dehydrated vegetables, and dried beans, seasonings, nuts and seeds, dried fruits, unroasted coffee beans and cocoa beans, food for special dietary purpose, and functional food တို့အား ထုတ်လုပ်တင်ပို့လျက်ရှိသည့်/တင်ပို့ခဲ့ဖူးသည့် လုပ်ငန်းရှင်များ

စာရင်းအားပူးတွဲ(၂)ပုံစံတွင် ဖြည့်စွက်ကာ ပူးတွဲ(၃)ပုံစံနှင့်အတူ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ သွင်းကုန်နှင့် ပို့ကုန်အစားအစာဘေးကင်းလုံခြုံရေးဗျူရို (Bureau of Import and Export Food Safety of the General Admini – stration of Customs of China-GACC)ထံသို့ (၃၁-၁၀-၂၀၂၁)ရက်နေ့ နောက်ဆုံးထား၍ တင်ပြလျှောက်ထားရန်လိုအပ်ပါကြောင်း၊ GACC အနေဖြင့် မှတ်ပုံတင်ရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုအပ်သည့်လုပ်ငန်းစဉ်များအား အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊

(ဇ) အကယ်၍ သတ်မှတ်ကာလအတွင်း လျှောက်ထားတင်ပြခြင်းမရှိပါက အစားအသောက်ထုတ်လုပ်တင်ပို့မည့်သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံတွင် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် Registration Regulations အပိုဒ်(၈)တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့်အတူ ၁-၁၁-၂၀၂၁ ရက်နေ့မှစတင်၍ တင်ပြလျှောက်ထားရမည်ဖြစ်ပါကြောင်း။

(ဈ) သက်ဆိုင်ရာလုပ်ငန်းများမှတ်ပုံတင်ခြင်း၊ လျှောက်ထားခြင်းနှင့်သက်ဆိုင်သည့် အချက်အလက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့နှင့် GACC တို့အကြား သဘောတူညီမှုရရှိပါက အဆိုပါသဘောတူညီချက်အတိုင်း ဆောင်ရွက်နိုင်ပါကြောင်း၊

(ည) အထက်တွင်ဖော်ပြထားသည့်ကုန်စည်အုပ်စု(၁၈)မျိုးအား ထုတ်လုပ်ရန် မှတ်ပုံတင်ပြီးဖြစ်သည့်လုပ်ငန်းများ၏ အချက်အလက်နှင့် စစ်ဆေးသည့်အချက်အလက်များ ပြည့်စုံမှုမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့သည် Registration and Management System of Overseas Manufacturers of Imported Food သို့ ဝင်ရောက်၍ အချက်အလက်များအား (၃၀-၆-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြည့်စုံအောင်ဖြည့်စွက်နိုင်ရန် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊

(ဋ) အထက်တွင်ဖော်ပြထားသည့်ကုန်စည်အုပ်စု (၁၈)မျိုးမဟုတ်သည့် အစားအသောက်များ ထုတ်လုပ်တင်ပို့သူများအနေဖြင့် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ၁-၁၁-၂၀၂၁ ရက်နေ့မှစတင်၍ Registration and Management System of Overseas Manufacturers of Imported Food နှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုပြတင်းတစ်ပေါက်အစီအစဉ်ဖြစ်သည့် www. singlewindow.cn သို့ဝင်ရောက်၍ Registration

Regulations အပိုဒ်(၉) တွင် ဖော်ပြထားသည့်သက်ဆိုင်ရာအချက်အလက်များနှင့်အတူ တင်ပြလျှောက်ထားနိုင်ပါကြောင်း။

(ဍ) GACC အနေဖြင့် မှတ်ပုံတင်ပြီးဖြစ်သည့် အစားအသောက်ထုတ်လုပ်တင်သွင်းသူများ၏ မှတ်ပုံတင်ခွင့်ပြုသည့်ရက်စွဲနှင့် မှတ်ပုံတင်သက်တမ်းကုန်သည့်ရက်စွဲတို့ကို ဖော်ပြပေးထားမည် ဖြစ်ကြောင်း။ သက်ဆိုင်ရာလုပ်ငန်းများသည် မှတ်ပုံတင်သက်တမ်းမကုန်မီ (၃) လ (သို့မဟုတ်) (၆) လ ကြိုတင်၍ Registration Regulations ၏ အပိုဒ်(၂၀)တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့်အညီ ပြန်လည်သက်တမ်းတိုးရန် တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း။ ပြန်လည်သက်တမ်းတိုးရန် လျှောက်ထားလာခြင်းမရှိပါက မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း။

(ဎ) တရုတ်နိုင်ငံတွင် မှတ်ပုံတင်ရန် တင်ပြလျှောက်ထားသည့်အချက်အလက်များ မှန်ကန်မှု၊ ဥပဒေနှင့်ကိုက်ညီမှု၊ ပြည့်စုံမှုတို့နှင့်ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့(သို့မဟုတ်) အစားအသောက်တင်သွင်းမည့်ထုတ်လုပ်သူများမှ တာဝန်ယူရမည်ဖြစ်ပါကြောင်း။

(ဏ) တရုတ်နိုင်ငံသို့ တင်ပို့ရန် မှတ်ပုံတင်ထားသည့်လုပ်ငန်းများသည် သက်ဆိုင်ရာစည်းကမ်းချက်များအား လိုက်နာရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့မှ တိကျစွာ ကြီးကြပ်ဆောင်ရွက်သွားစေလိုပါကြောင်း။

(တ) အကယ်၍ မှတ်ပုံတင်ထားသည့်လုပ်ငန်းများအနေဖြင့် စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်းတွေ့ရှိပါကသက်ဆိုင်ရာအာဏာပိုင်အဖွဲ့များသည်Registration Regulations ၏ အပိုဒ်(၂၂)တွင်ဖော်ပြထားသည့်သတ်မှတ်ချက်များနှင့်အညီ ထိရောက်သည့်စီမံဆောင်ရွက်မှုများအား ချမှတ်ဆောင်ရွက်သွားစေလိုပါကြောင်း။

(ထ) အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ( Wang Zhongyue, Shang Kaiyuan, Tel: +86-10-65195604, +86-10-65194443/Fax+86-10-65194715/Email: wanzhongyue@customs.gov.cn,newcool@vip.163.com, division registration@ customs.gov.cn) သို့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း။

၃။ GACC ၏ တရားဝင် website ဖြစ်သည့် http://www.customs.gov.cn/customs/302249/2480148/3619657/index.htmlတွင် ဖော်ပြထားသည့် GACC မှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၂၄၈) (တရုတ်နိုင်ငံသို့ အစားအသောက်များ တင်သွင်း/တင်ပို့ရာတွင် လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ပတ်

သက်သည့်စီမံခန့်ခွဲခြင်းအစီအမံများ)(တရုတ်/ အင်္ဂလိပ်ဘာသာ (အလွတ်သဘောဘာသာပြန်ဆိုချက်)) တို့အား ဤစာနှင့်အတူ ပူးတွဲပေးပို့တင်ပြအပ်ပါသည်။ တရုတ်နိုင်ငံ၌ မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်းစဉ်များ (Registration Regulations) (ကြေညာချက်အမှတ် (၂၄၈)) ထုတ်ပြန်ခဲ့မှုနှင့်ပတ်သက်၍ ရည်ညွှန်းစာဖြင့် တင်ပြခဲ့ပြီး ဖြစ်ပါကြောင်းကိုလည်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ GACC မှ အကြောင်းကြားလာသည့်အချက်များအား သိသာပါရန်နှင့် လိုအပ်သကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် GACCမှ ပေးပို့လာသည့်အကြောင်းကြားစာနှင့် အချက်အလက်များ (တရုတ်/အင်္ဂလိပ်ဘာသာ(အလွတ်သဘောဘာသာပြန်ဆိုချက်))တို့အား ဤစာနှင့်အတူ ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

(စုစုပေါင်း- ၄၅ ရွက်)

သံအမတ်ကြီး(ကိုယ်စား)
(ရွှေစင်ဦး၊ စီးပွားရေးသံမှူး)

မိတ္တူကို

- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
- ရုံးလက်ခံ/ မျှောစာတွဲ